# ပြတင်းတစ်ပေါက်စနစ်ဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ ၁/၂၀၂၅ ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပခြင်းအခမ်းအနား

ပြတင်းတစ်ပေါက်စနစ်ဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ (၁/၂၀၂၅) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကို ၈-၁-၂၀၂၅ ရက်နေ့၊ နံနက် ၁၀း၀၀ နာရီတွင် အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်)ရှိ အစည်းအဝေးခန်းမ-၁ တွင် ကျင်းပခဲ့ပါသည်။

အခမ်းအနားတွင် ပြတင်းတစ်ပေါက်စနစ်ဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ (၁/၂၀၂၅) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့်ပတ်သက်၍ အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ လုပ်ငန်းအဖွဲ့နှင့် သက်ဆိုင်သည့် တာဝန်ရှိသူများက လူကိုယ်တိုင်ဖြင့်လည်းကောင်း တက်ရောက်ခဲ့ကြပြီး အဓိကအဖွဲ့ဝင် ဌာနများ၏ တာဝန်ရှိသူများက Online Virtual စနစ်ဖြင့်လည်းကောင်း စုစုပေါင်း ၄၀ ဦး တက်ရောက်ခဲ့ ကြပါသည်။

အခမ်းအနားတွင် အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က အဖွင့်အမှာစကား ပြောကြား ခဲ့ပါသည်။ ဆက်လက်၍ အကောင်အထည်ဖော်ရမည့် Article များနှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ပါသည်။

ပြတင်းတစ်ပေါက်စနစ်ဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ အတွင်းရေးမှူးက ပြီးခဲ့သည့် (၂/၂၀၂၄) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဆုံးဖြတ်ချက်များနှင့် အမျိုးသားအဆင့် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးကော်မတီ၏ (၂/၂၀၂၄) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဆုံးဖြတ်ချက်များကို ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

ထို့အပြင် အဓိကအဖွဲ့ဝင်ဌာနများက အထွေထွေဆွေးနွေးမှုများဆောင်ရွက်ခဲ့ရာ ညွှန်ကြားရေးမှူးချုပ် နှင့် ပြတင်းတစ်ပေါက်စနစ်ဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ အတွင်းရေးမှူးတို့က အဖွဲ့ဝင်ဌာနများ၏ ဆွေးနွေးတင်ပြချက်များကို ဖြည့်စွက်ဆွေးနွေးပြီး လိုအပ်သည်များ ညှိနှိုင်းဆွေးနွေး ပေးခဲ့ပါသည်။ ထို့နောက် ပြတင်းတစ်ပေါက်စနစ်ဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ ဥက္ကဋ္ဌ၊ အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားပြီး အစည်းအဝေးအား ရုပ်သိမ်းခဲ့ပါသည်။